ဝန်ဇင်း
Read on the move

# စိမ့်စမ်းပြန်
# ဖိုးကျော်ငြိမ်းရဲ့
# ထိုင်ခုံနံပါတ် ၃၄

ဝရမ်းပြာ ထက်ရှူ | ခိုင်မြကျော်စွာ | မောင်ဗိုလ်လာ

# အသားကျခရီးစဉ်

မနေ့တစ်နေ့က လမ်းမတွေကို
ပြန်ပြီးတွေးခေါ်စိစစ်ဖို့
မလိုအပ်တော့တာ ယုံကြည်စမ်းပါ
ခရီးကို ခွေမထားဘဲ ဆန့်ထုပ်လိုက်လေ.....။

ထင်မြင်ယူဆချက်များ ရှိရာ
စခန်း...ဒါမှမဟုတ်လည်း သုဿန်
ရေညှိတွေ ကွက်ကြား ခိုင်ခန့်ရာကိုယ်ထည်သို့
ဦးတိုက်လျှောက်လာ ခုဘယ်နှစ် နာရီရှိပြီလဲ..။

ဇာတ်သိမ်းခန်း လေပြတ်နေတဲ့ရုပ်ရှင်
ဘယ်လိုနေသလဲလို့ ငေးကြည့်နေတုန်း
အခန်းတစ်ခုချင်းဆီက
အသံတွေ တတောက်တောက်ပြတ်ကျလာ
မသတီစရာပေါ့ပါးလို့...။

ဟော့
အချစ်မလျော့လိုက်လေနဲ့
ဒီမြေဟာ
ဂျုံနဲ့ စပါးခင်းတွေ အပြင်
ဖာရိုဘုရင်မြှုပ်ခဲ့တဲ့ ပိုင်တို့ပုန်းအောင်းခိုရာ
မိခင်ရဲ့ဝမ်းဗိုက် ရတနာသိုက်ပဲ..။

ကဲပါလေ

ခုမှတော့
နဂိုရည်အတိုင်းပဲ အမှန်ဆက်လက်ပြီး
ပြောဆိုနေထိုင်ကြပါစို့ရဲ့...လာ...။

ရွှေပြေးမဂ္ဂဇင်း၊
အောက်တိုဘာလ၊ ၁၉၉၄ ခုနှစ်

# ပင်လယ်မိန်းမ

ရောင့်ရဲတင်းတိမ်မှု မရှိတဲ့ပင်လယ်
ကြယ်တွေကိုမြိုဖို့
အဲ့သည်မှာကြည့် ပက်လက်ကြီး
ပင်လယ်နဲ့ကောင်းကင်
ညှို့ငင်ခြင်းကိစ္စ

ညကစောင့်ကြည့်တဲ့အခါ
နောက်ဆုံး
ကြယ်တွေ ဝေါကနဲ ဝေါကနဲ
ရေတံခွန်တစ်ခုလို ထိုးကျ
ပင်လယ်ရဲ့ရှုတ်ခမ်းဝနဲ့
ရင်သားလှိုင်းအိတွေကြား
ပြီး...နက်ရှိုင်းခြေဖဝါးအောက်မှာ
ဟော...ကြည့်စမ်း
မျက်တောင်ပုတ်ခတ်
တလတ်လတ်နဲ့
သွေးအေးလှတဲ့ ပင်လယ်
လမင်းကို ထပ်မြိုဖို့
တွေ့လား...
ဟိုမှာ အကြီးအကျယ်ပြင်ဆင်
အားထုတ်နေတာ...။

# ကောင်းဘို့င်

ဉစ္စာမနေတွေ အပေါ်
အိပ်မပျော်စားမဝင် ကတိထား သစ္စာရှိရင်း ။
အထက်တန်းတွဲ တစ်ခုမှာ
မျောက်တစ်ကောင်ရဲ့
ဦးနှောက်ရဲ့ သွေးအရက်ကိုသောက်စားရင်း ။

လေလုံ မိုးလုံအခန်းထဲ
ခေါင်းထဲ အမှိုက်ပုံကြီးထည့်ထိုင်ရင်း
ပြဇာတ်တစ်ပွဲစာအတွက်
အရှက်မဲ့ ကြားဝင်လက်မှတ်ဖြတ်ထိုးရင်း ။
ဖန်ကာလပ်ထဲရောနှောဖို့
သူတစ်ပါးချွေးတစ်စက်ကို အလှူလိုက်ခံရင်း။
ဘာတစ်ခုမှ ဟုတ်တိပတ်တိမတတ်ဘဲ
စက္ကူစုတ်ကလေး သဘော်ာလုပ်
ကမ်းကခွာ ဇာတ်ဝင်ရှုပ်ဖို့ကြိုးစားရင်း ။
မလေ့ထုံးစံတွေ ဖရိုဖရဲနဲ့
ခြေတရွတ်ဆွဲ ကျကျန်ခဲ့တာကို
ဒါ အချစ်စစ် အချစ်မှန်ပဲလို့ ညစ်အော်ရင်း ။
သကြ်န်အတုတစ်ခုဆွဲထုတ်
ပိတောက်ပင်ခြေရင်း
အကဲဆစ်နဲ့ပက် အခမဲ့ပွင့်ခိုင်းရင်း ။

မနက်ခင်းတွေကို
အပိုအလိုမရှိ ဆွဲချဖို့
အိပ်ကောင်းစားကောင်းမလုပ်နိုင်တဲ့
အာရုံတွေ အတွက်
အဲဒီ လေးဖက်လေးတန်က
ဖြတ်ပျံဆင်းလာတဲ့
ဂျစ်ပစီမျက်လုံးတွေ အတွက်
ရောက်ခဲ့ရပါရော
သွေးသားဆူဖြိုး ဓာတ်ကြိုးကိုရမ်းလို့
ကောင်းဘွိုင်လိုပဲ
နေ့ခုနစ်နေ့ကို စီးလို့။ ။

ရွှေ့ပြေးမဂ္ဂဇင်း၊
ဇွန်လ၊ ၁၉၉၆ ခုနှစ်

# ငါတို့သူငယ်ချင်း ပန်းချီဆရာသမိုင်းတန်ဖိုး

ပင်လယ်မျှော့ကြီးများ သွေးလိုသလို
ခြင်တစ်ကောင်အတွက်လည်း သွေးလိုတာပဲ
နေလုံးနီနီ ဆည်းဆာရေ
ညနေခင်း အိုးအိမ်လမ်းများပေါ်
ပေါလောမျောပျံသန်းစေ

ဒါ

သူ့ရင်အုံကိုဆွဲဖွင့်
သူ့သွေးအစစ်နဲ့
ရင်ဘတ်ပေါ်
စိန်ပန်းတွေ အကျအန ပြန့်ကျဲတယ်
မနေ့ကနဲ့
မနက်ဖြန်မှာ
ငါ့သူငယ်ချင်း ပန်းချီဆရာရဲ့အလောင်း
တောင်ကုန်းလေးတစ်ခုပေါ်မှာ လဲလျောင်းမယ်။ ။

စတိုင်သစ်မဂ္ဂဇင်း

# ကျောင်းတော်က အပြန်

အိပ်မပျော် ဖြစ်တိုင်း

တိတ်တဆိတ်၊ သစ်ပင်တွေ ဆီ ထွက်သွား

စကားစမြည် ပြောနေတတ်တယ်။

(ရှင်သန်ပုံကို သင်ယူလို့)
အိပ်မပျော် ဖြစ်တိုင်း
တောင်ကုန်းတစ်ခုပေါ် တက်ပြီး
တိမ်တွေကိုစီးကြည့်
သွေးပူလေ့ကျင့်ခန်း ယူနေတတ်တယ်။
(နေထိုင်ပုံကို သင်ယူလို့)
လရောင် ရိုက်ဖွင့်လို့
ပြတင်းတံခါးဖွင့်၊ လွင့်စဉ်သွားတိုင်း
သူ့ဆံပင်ကို ဆွဲနှုတ်
ကြယ်တွေ ကို
ကြိုးကွင်းလုပ် ပစ်ဖမ်းနေတတ်တယ်။
(မြင့်မြတ်ပုံကို သင်ယူလို့)
တစ်ညမှာတော့
သူဟာ
ဒဏ်ရာတွေကို
ဟိုစပ်ဒီစပ် ဆက်စပ်ရင်းဖြန့်ခင်း

(သီချင်းကလေး ညည်းလို့)

အလွယ်တကူပဲ

မြို့ကြီးကို ထည့်ထုတ် ထွက်သွားတော့လေရဲ့။

ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း

အောက်တိုဘာလ၊ ၁၉၉၅ ခုနှစ်

# ကျွန်တော့် အကြောင်းအရာများ

ကျွန်တော့် အရပ်ထက်မြင့်နေသော မိုးဥတု

ကျွန်တော့် ပတ်ဝန်းကျင်တစ်ခုလုံး

လေချွန်သံတွေ စိမ်းစိမ်းစို

ကျွန်တော် တွယ်ကပ်နေသော သစ်ပင်မှာ

လုံခြုံရေး မရှိ။

ကျွန်တော့် အပေါ် ၉၀ ဒီဂရီ

ကျဲကျဲတောက်ဆက်ဆံရေးများ

ကျွန်တော့် ခေါင်းကို ရိုက်ခွဲဖို့

လူစုနေတဲ့ လောကဓံ

ကျွန်တော့် မွေးမြူရေး ခြံထဲ၌

ပုတ်သင်ညိုများ မပါရှိခဲ့။

ကျွန်တော် ဖောဖောသီသီ စုဆောင်းထားနိုင်သော

ဒုက္ခနှင့် ဒဏ်ရာများ

ကျွန်တော့်အတွက် မြင်မကောင်းအောင်

စျေးကွက်ကျဆင်းနေဆဲ

ကျွန်တော်နဲ့ သုခမြို့တော်

ကျွန်တော်နဲ့ ချောက်ကမ်းပါးကြီးထဲက လူသားများ

ကျွန်တော်ရဲ့ဟာမိုးနစ်များ ရစ်သမ်များ

ဂျင်းဘောင်းဘီများ ။

ကျွန်တော့်မျက်လုံးကြောင်ရက်များက

၁–၂၈၊၁–၃၀၊၁–၃၁

ကျွန်တော် အိပ်ပျော်မယ် ကတိထားတိုင်း

ငှက်ဆိုးအောင်သံကို တက်နင်းမိ

ကျွန်တော် ရေတံခွန်ဝယ်ပြီး ဖွင့်နားထောင်တိုင်း

ခိုတစ်ကောင်ကို ကြားရ။

ကျွန်တော်ဟာ

လူပြော သူပြောများလှတဲ့ နံ့ကောင်

ကျွန်တော့်ဆောင်းရာသီအတွက်

ကျွန်တော့်ရိက္ခာမှာ ပန်းချီကား၊

တေးဂီတနှင့် စာအုပ်များ။

ကျွန်တော်ဟာ ကန်းထရီးစတိုင်များကို သဘောကျသူ
ကျွန်တော်ဟာ ညံ့သော ကောင်းဘွိုင်
ကျွန်တော့်ကို မြို့နေအောင်
ဝိုင်းသွေးကြသူများမှာ ဝဝပြဲပြဲမြို့ကြီးများ
ကျွန်တော့်ဆီ အချိန်မတော် လာနေကျ
အန္တရာယ်ကိုယ်ငွေ့မှာ ၄၊၃၊၂
ကျွန်တော့် ကိုယ် ကျွန်တော်
ဒိုင်နိုဆောတစ်ကောင်လို ဖွဲ့စည်းထားခဲ့ပြီး
ကျွန်တော် ဆော့ခရတ္တိနဲ့ ရှယ်ရှုန်စတုန်းကို တွဲပြီး
ရုပ်ရှင်တစ်ကားရိုက်မယ်
ကျွန်တော့် အိပ်မက်တွေ
လူမြင်တိုင်း လိုက်လို့ဖွင့်ပြပေးနေဆဲ
ကျွန်တော့် လက်ကောက်ဝတ်ပေါ်မှာ
သွေးစုပ်ဖုတ်ကောင် စောင့်ကြပ်လို့နေဆဲ

ကျွန်တော် ပန်းတစ်ပွင့်ပေါ် ဆင်းမယ်
ရာဇဝင်ထဲမှာ ယောကျ်ားတွေ ဟာ
နတ်သမီးလိုလှခဲ့ကြောင်း
ပြန်ပြောင်းတွေးနေမိရင်း လက်စနဲ့
ကျွန်တော် ပန်းတစ်ပွင့်ပေါ် ဆင်းတော့မယ်
ကျွန်တော့် ကိုယ်ထဲ ကျွန်တော်
ပြန်မဝင်မိခဲ့ခင် အဖြစ်အပျက်များ ။ ။

ရနံ့သစ်မဂ္ဂဇင်း၊

# လူလမ်းမနှင့် အမှိုက်

မျက်ခွံများကို အာရုဏ်ကဆွဲတင်ခဲ့
မြို့တစ်မြို့ထလာပုံဟာ
ဘီယာတစ်ဗူးပွင့်လာပုံ
ခြေချော်လက်ချော် ဖြစ်ပြီး
သွေးကြောများဖွင့်လိုက်တဲ့
ဆရာဝန်မားချက်မှာ
ပန်းထွက်လာတဲ့သွေးများ
သို့မဟုတ်
အယူအဆအမှားနဲ့
ပျက်စီးပွင့်ထွက်လာတဲ့
ရေနံတွင်းတစ်တွင်းနဲ့လည်းတူရဲ့။